ဒီဇင်ဘာလ ၂၀ရက်၊ ၂၀၂၁ခုနှစ်။

# အမျိုးသမီးများအပေါ် အကြမ်းဖက်မှု အပါအဝင် ဆိုးရွားသောလူ့အခွင့်အရေးချိုးဖောက်မှုများကို ကျူးလွန်ခဲ့သည့် မြန်မာစစ်တပ်နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအား တာဝန်ခံစေရေး ဆောင်ရွက်ရန်

ကုလသမဂ္ဂလုံခြုံရေးကောင်စီ အဖွဲ့ဝင်များရှင်

အောက်ပါလက်မှတ်ရေးထိုးထားသော အမျိုးသမီးအခွင့်အရေး နှင့် လူ့အခွင့်အရေး အဖွဲ့အစည်းများ သည် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုအပါအဝင် လူ့အခွင့်အရေးချိုးဖောက်မှုများကို ဆယ်စုနှစ်များစွာကြာအောင် ကျူးလွန်ခဲ့သည့် မြန်မာစစ်တပ်အား တာဝန်ခံစေရေးအတွက် ကုလသမဂ္ဂလုံခြုံရေးကောင်စီမှ ဆောင်ရွက်ရန် တောင်းဆိုပါသည်။ ကုလသမဂ္ဂ၏ လူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီး၊ ကုလသမဂ္ဂ၏ မြန်မာနိုင်ငံဆိုင်ရာ လူ့အခွင့်အရေး အထူးကိုယ်စားလှယ်နှင့် ကုလသမဂ္ဂ၏ မြန်မာနိုင်ငံဆိုင်ရာ လွတ်လပ်သော စုံစမ်းစစ်ဆေးရေး ယန္တရားတို့၏ တွေ့ရှိချက်များအရ မြန်မာစစ်တပ်နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များသည် လူသားဖြစ်မှုကို ဆန့်ကျင့်သော ရာဇဝတ်မှုမြောက်သည်အထိ နိုင်ငံတကာလူ့အခွင့်အရေးဥပဒေနှင့် လူသားဖြစ်မှု ဥပဒေများကို ချိုးဖောက်ခဲ့ပါသည်ကို မိမိတို့အနေဖြင့် ပြင်းထန်စွာ ရှုတ်ချပါသည်။ ၂၀၂၁ခုနှစ် ဖေဖော်ဝါရီလ ၁ရက်နေ့ အာဏာသိမ်းပြီးချိန်မှစ၍ မြန်မာအာဏာသိမ်းစစ်တပ်သည် အနည်းဆုံး ပြည်သူ ၁၁၀၄၇ဦး ကို အဓမ္မဖမ်းဆီးခြင်းကာ ပြည်သူ ၁၃၄၅ဦးအား သတ်ဖြတ်ခဲ့ကြသည်။ မြန်မာစစ်တပ်၏ လေကြောင်းတိုက်ခိုက်မှုများနှင့် လက်နက်ကြီးများဖြင့် ပစ်ခတ်မှုများကြောင့် နိုင်ငံတစ်ဝှမ်းတွင် ထောင်ပေါင်းများစွာသော အမျိုးသမီးများနှင့် ကလေးသူငယ်များလည်း နေရပ်စွန့်ခွာ ထွက်ပြေးနေကြရသည်။ ရိုဟင်ဂျာများအပါအဝင် တိုင်းရင်းသားလူနည်းစု အမျိုးသမီးများအပေါ် မြန်မာစစ်တပ်၏ ဆယ်စုနှစ်များစွာကြာ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများကြောင့် မြန်မာအမျိုးသမီးများ၏ အခြေအနေသည် ရှေ့ဆက်ပိုမိုဆိုးဝါးလာနေသည်ကို မိမိတို့အနေဖြင့် အလွန်စိုးရိမ်ပါသည်။

မြန်မာအာဏာသိမ်းစစ်တပ်သည် ၂၀၂၁ခုနှစ် ဖေဖော်ဝါရီလ ၁ရက်နေ့ကတည်းက အမျိုးသမီးများအပေါ် စနစ်တကျ ကျူးလွန်ခဲ့သော အကြမ်းဖက်မှုများ အတွက် လူကြီးမင်းတို့၏ အာရုံစိုက်မှုကိုရရှိရန် ဤစာကို ရေးသားခြင်း ဖြစ်ပါသည်။ ထိုပြစ်မှုများအနက်မှ အောက်ပါပြစ်မှုများသည် ကုလသမဂ္ဂ၏ ပဋိညာဉ်စာချုပ်၊ အမျိုးသမီးများအပေါ် အကြမ်းဖက်မှု ပပျောက်ရေး ကြွန်ဗန်းရှင်း၊ အမျိုးသမီးများအပေါ် အကြမ်းဖက်မှု ပပျောက်ရေး ကုလသမဂ္ဂ၏ ကြေညာချက် နှင့် ကုလသမဂ္ဂလုံခြုံရေးကောင်စီ ဆုံးဖြတ်ချက်၁၃၂၅ အပါအဝင် နိုင်ငံတကာလူ့အခွင့်အရေး၊ လူသားဖြစ်မှု ဥပဒေစံနှုန်းများကို ကျူးလွန်ဖောက်ဖျက်ကြောင်း သိသာထင်ရှားနေပါသည်။

1. ဖေဖော်ဝါရီလ ၉ရက်နေ့တွင် မြန်မာရဲအရာရှိတစ်ဦးသည် အာဏာသိမ်းမှုဆန့်ကျင်ရေး အကြမ်းမဖက် ဆန္ဒဖော်ထုတ်နေသော လူအုပ်စုထဲသို့ သေနပ်ဖြင့်ပစ်ခတ်ခဲ့ရာ အသက် ၁၉နှစ်အရွယ် မမြသွဲ့သွဲ့ခိုင်၏ ဦးခေါင်းကို ထိမှန်ပြီး တစ်ပတ်အကြာတွင် အသက်သေဆုံး ခဲ့ရသည်။
2. မတ်လ ၃ရက်နေ့ မန္တလေးတိုင်း မန္တလေးမြို့တွင် မြန်မာစစ်တပ်နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များသည် အာဏာသိမ်းမှု ဆန့်ကျင်ရေး အကြမ်းမဖက်

ဆန္ဒဖော်ထုတ်နေသော လူအုပ်စုထဲသို့ သေနပ်ဖြင့်ပစ်ခတ်ခဲ့ရာ အသက် ၁၉နှစ်အရွယ် ကြယ်စင်(ခ) Angel သည် သေနပ်ထိမှန်ပြီး အသက်သေဆုံးခဲ့ရသည်။

3. မတ်လ ၂၇ရက်နေ့မှ ဧပရယ်လ၁ရက်နေ့အတွင်း ကရင်ပြည်နယ် မူထရောခရိုင်၊ ထိုင်း-မြန်မာနယ်စပ်အနီး မြန်မာစစ်တပ်၏ လေကြောင်းတိုက်ခိုက်မှုကြောင့် လာဒေကျေးရွာမှ အမျိုးသမီးတစ်ဦး သေဆုံးခဲ့ရသည်။ လေးရက်ကြာပြီးနောက် နေဂကျေးရွာသို့ ဆက်လက်ပစ်ခတ်ခဲ့သဖြင့် အမျိုးသမီး၂ဦးနှင့် အသက်၁၁နှစ်အရွယ် မိန်းကလေးငယ်တို့ ဧပရယ်လ ၃ရက်နေ့တွင် ပြင်းထန်ဒဏ်ရာများ ရရှိခဲ့ကြသည်။

4. ဧပရယ်လ ၁၇ရက်နေ့ ရန်ကုန်တိုင်း ရန်ကင်းမြို့နယ်တွင် မြန်မာစစ်တပ်နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များသည် အသက် ၃၁နှစ်အရွယ် မခင်ငြိမ်းသူ၊ အသက်၁၉ခုနှစ်အရွယ် မစုလင်းထက်နှင့် အမျိုးသားလေးဦးကို ပေါက်ကွဲမှုဖြစ်စဉ်တစ်ခုတွင် ပါဝင်သည်ဟု စွပ်စွဲကာ အဓမ္မဖမ်းဆီးခဲ့သည်။ ၎င်းတို့ကို ရွှေပြည်သာ စစ်ကြောရေးစခန်းတွင် နှိပ်စက်ခဲ့ပြီး မခင်ငြိမ်းသူအား သူမ မအင်္ကျီကို ကန့်ကျောက်ခြင်း၊ မအင်္ကျီမှ သွေးထွက်သည်အထိ တုတ်ဖြင့်ရိုက်နှက်များအပါအဝင် လိင်ပိုင်းဆိုင်ရာ နှိပ်စက်စော်ကားမှုများကို ကျူးလွန်ခဲ့ကြသည်။

5. မေလ ၂၅ရက်နေ့တွင် စစ်သားအယောက်၇၀ ဝန်းကျင်နှင့် အရာရှိများပါဝင်သော မြန်မာစစ်တပ်နှင့် လုံခြုံရေး တပ်ဖွဲ့ဝင်များသည် မကွေးခရိုင်၊ တော်စိမ့်ကျေးရွာအား အာဏာသိမ်းမှု ဆန့်ကျင်သူများကို ကူညီရာတွင် ပါဝင်သည်ဟု စွပ်စွဲကာ ဝင်ရောက်စီးနင်းပြီး ဒေသခံများကို ပစ်ခတ်ခဲ့သဖြင့် အသက် ၂၄နှစ်အရွယ် မဆောင်းနှင်းမှုန် အသက်သေဆုံးခဲ့ရသည်။

6. ဇွန်လ ၁၃ရက်နေ့တွင် မန္တလေးတိုင်း ဗမန်ကျေးရွာ၌ ဆန္ဒပြခေါင်းဆောင်တစ်ဦးအား လာရောက်ဖမ်းဆီးရာတွင် မတွေ့ရှိသဖြင့် ထိုသူ၏ သမီးဖြစ်သူ အသက် ၅နှစ်အရွယ် မစုထက်ဝိုင်း၊ အသက်၄၄နှစ်အရွယ်ဇနီး နှင့် အသက်၁၇နှစ်အရွယ်သမီးဖြစ်သူတို့အား အဓမ္မဖမ်းဆီးခဲ့ကြသည်။ ဇွန်လ ၃၀ရက်နေ့တွင် မစုထက်ဝိုင်းအား ပြန်လွှတ်ကာ ဇနီးနှင့်သမီးအကြီးတို့အား ပူးပေါင်းပါဝင်ခဲ့သည်ဟု စွပ်စွဲ၍ ဇူလိုင်လတွင် ထောင်ဒဏ်၃နှစ် ချမှတ်ခဲ့သည်။

7. ဇူလိုင်လ ၂၇ရက်နေ့တွင် မန္တလေးတိုင်း မန္တလေးမြို့တွင် မြန်မာစစ်တပ်နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များသည် အာဏာသိမ်းမှုကို အကြမ်းမဖက် ဆန္ဒပြနေသော အရပ်သားများအား စက်သေနပ်ဖြင့် ပစ်ခတ်ခဲ့ရာ အသက် ၂၅နှစ်အရွယ် မသူသူဇင် အသက်သေဆုံးခဲ့ပြီး သူမ၏ ရုပ်အလောင်းအား သူမ၏မိသားစုထံသို့ ပြန်လည်မပေးအပ်ခဲ့ပေ။

8. စက်တင်ဘာလ ၁ရက်နေ့၌ မွန်ပြည်နယ် ပေါင်မြို့နယ်တွင် မြန်မာစစ်တပ်နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ကိုယ်ဝန်၅လရှိပြီ ဖြစ်သော အသက် ၂၇နှစ်အရွယ် မအိသွေးမိုးနှင့် သူမ၏ခင်ပွန်းဖြစ်သူတို့အား သေနပ်ဖြင့် ပစ်ခတ်ခဲ့ရာ နှစ်ဦးလုံး ပွဲချင်းပြီးသေဆုံးခဲ့ရသည်။

9. အောက်တိုဘာလ ၂၈ရက်နေ့တွင် မြန်မာစစ်တပ်နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များသည် စစ်ကိုင်းတိုင်း ပြင်ထောင်ရွာသို့ ဝင်ရောက်စီးနင်းကာ အရပ်သားများကို သေနပ်ဖြင့်ပစ်ခတ်ခဲ့သဖြင့် အသက်၆နှစ်အရွယ် ကလေးငယ် မျိုးသန္တာလှိုင် အသက်သေဆုံးခဲ့သည်။

10. နိုဝင်ဘာလ ၇ရက်နေ့တွင် ရှမ်းပြည်နယ် ကွတ်ခိုင်မြို့၌ မြန်မာစစ်သားတစ်ဦးသည် အသက် ၆၂နှစ်အရွယ် အဖွားအိုအား အဓမ္မပြုကျင့်ခဲ့သည်။

11. နိုဝင်ဘာလ ၁၁ရက်နေ့တွင် မြန်မာစစ်သားနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ရှမ်းပြည်နယ် အခလူကျေးရွာသို့ ဝင်ရောက်စီးနင်းရာတွင် လူနေအိမ်များကို ဖျက်ဆီးကာ အသက် ၂၇နှစ်အရွယ်အမျိုးသမီးနှင့် အသက်၃၀နှစ်အရွယ်သူမ၏ ယောက်မဖြစ်သူတို့အား အုပ်စုဖွဲ့အဓမ္မပြုကျင့်ခဲ့ကြသည်။
12. ဒီဇင်ဘာလ ၅ရက်နေ့တွင် ရန်ကုန်တိုင်း ကြည့်မြင်တိုင်မြို့တွင် မြန်မာစစ်သားများသည် အာဏာသိမ်းမှု အကြမ်းမဖက်ဆန္ဒပြနေသော လူအုပ်စုထဲသို့ ကားဖြင့်ဝင်တိုက်သဖြင့် အရပ်သားများစွာ ပြင်းထန်ဒဏ်ရာများ ရရှိခဲ့သည်။ ထို့အပြင် စစ်သားများက သေနပ်ဖြင့် ပစ်ခတ်ကာ အဓမ္မဖမ်းဆီးခဲ့သဖြင့် မမြကြူကြူသင်း၊ မယဉ်မေအောင် နှင့် မမူးရတနာသက်မို့မို့ထွန်း တို့ အမျိုးသမီး၃ဦး ဖမ်းဆီးခံခဲ့ရသည်။

အဖွဲ့ဝင်နိုင်ငံများအနေဖြင့် ဖြစ်ပွားနေသော ရက်စက်မှုများနှင့် ပတ်သက်၍ ကြေညာချက်နှင့် ဆုံးဖြတ်ချက်များအပါအဝင် အသိပညာပေးမှုများ လုပ်ဆောင်နေသည်ကို မိမိတို့အနေဖြင့် စိတ်ရင်းဖြင့် ကျေးဇူးတင်ပါသည်။ သို့သော်လည်း အာဏာသိမ်းစစ်တပ်၏ အကြမ်းဖက်မှုကို အဆုံးသတ်ရန်နှင့် နိုင်ငံသားများ၏ အသက်ကိုကာကွယ်ရန် စကားလုံးများ သက်သက်သည် မထိရောက်သည့်အတွက် မိမိတို့အနေဖြင့် စိုးရိမ်ကြောက်ရွံ့မိပါသည်။ မြန်မာစစ်တပ်နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ နှစ်၃၀ကျော်လုပ်ဆောင်လာခဲ့သည့် အကြမ်းဖက်မှုသည် ယနေ့အခါ နိုင်ငံတစ်ဝှမ်းရှိ တိုင်းရင်းသားလူနည်းစုဒေသများအပေါ် ပစ်မှတ်ထား ကျူးလွန်ခဲ့သည်။ ကုလသမဂ္ဂ၏ မြန်မာနိုင်ငံဆိုင်ရာ လွတ်လပ်သော စုံစမ်းစစ်ဆေးရေးကော်မရှင်၏ အစီအရင်ခံစာအရ မြန်မာစစ်တပ်နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ရိုဟင်ဂျာလူမျိုးတုန်းသတ်ဖြတ်မှု အပါအဝင် အမျိုးသမီးများအပေါ် အုပ်စုဖွဲ့အဓမ္မပြုကျင့်ခြင်း၊ လိင်ပိုင်းဆိုင်ရာ စော်ကားခြင်း၊ လိင်ပိုင်းဆိုင်ရာ ကျွန်ပြုခြင်းအပါအဝင် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု ပုံစံမျိုးစုံကို ကျူးလွန်လာခဲ့သည်။ မြန်မာနိုင်ငံအတွင်း အကြမ်းဖက်မှုအထောက်အထားများနှင့်တကွ အမျိုးသမီးအဖွဲ့အစည်းများနှင့် လူ့အခွင့်အရေးအဖွဲ့အစည်းများသည် မြန်မာစစ်တပ်၏ ရက်စက်မှုများ ကျူးလွန်ခံခဲ့ရသူများအတွက် တရားမျှတမှုဖော်ဆောင်ရန် ကာလကြာရှည်စွာ တိုက်တွန်းလာခဲ့ပါသည်။ မြန်မာစစ်တပ်အား တာဝန်ခံစေရေး ဆယ်စုနှစ်များစွာကြာ တောင်းဆိုမှုကို အကောင်အထည်ဖော်ရန် နိုင်ငံတကာအသိုင်းအဝိုင်းမှ ပျက်ကွက်ခဲ့ခြင်းကြောင့် မြန်မာစစ်တပ်သည် ပိုမိုအတင့်ရဲလာပြီး ယခုအခါ အာဏာသိမ်းမှုကျူးလွန်သည့်အပြင် တစ်နိုင်ငံလုံးကိုပါ အကြမ်းဖက်မှု ကျူးလွန်လာခဲ့သည်။ ယခုအခါ မြန်မာစစ်တပ်သည် တစ်နိုင်ငံလုံးတွင် လူသားဖြစ်မှုကို ဆန့်ကျင်သော ရာဇဝတ်များကျူးလွန်နေပြီး မြန်မာပြည်သူများကို ကာကွယ်ရန် လိုအပ်သည့် လုပ်ဆောင်မှုများ လုပ်ဆောင်ရန် လူကြီးမင်းတို့အား တောင်းဆိုပါသည်။

ထို့ကြောင့် အောက်တွင်လက်မှတ်ရေးထိုးထားသော အဖွဲ့အစည်းများအနေဖြင့် ကုလသမဂ္ဂလုံခြုံရေး ကောင်စီမှ အောက်ပါဆုံးဖြတ်ချက်များကို ချမှတ်ခြင်းဖြင့် မြန်မာစစ်တပ်နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ တာဝန်ခံစေရေး ဆောင်ရွက်ရန် တိုက်တွန်းပါသည်။

1. နိုင်ငံတကာဥပဒေကို ချိုးဖောက်၍ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုအပါအဝင် ကျူးလွန်ခဲ့သော ရာဇဝတ်မှုများအတွက် မြန်မာစစ်တပ်နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ တာဝန်ခံစေရေး ဆောင်ရွက်နိုင်ရန် မြန်မာအခြေအနေအား နိုင်ငံတကာရာဇဝတ်မှုတရားရုံး (ICC) သို့ လွှဲပြောင်းရန်။

2. စီးပွားရေးပိတ်ဆို့မှုများ၊ ငွေကြေးပြစ်ဒဏ်ခတ်မှုများ နှင့် စစ်တပ်နှင့်ယှဉ်စီးပွားရေးလုပ်ငန်းများကို ပိတ်ပင်တားမြစ်ကာ ၎င်းတို့၏ ပိုင်ဆိုင်မှုများကို ထိန်းချုပ်ခြင်းများ ပြုလုပ်ရန်။
3. မြန်မာနိုင်ငံသို့ ကမ္ဘာ့လက်နက်တင်ပို့မှုကို ပိတ်ပင်ရန်။

လူကြီးမင်းတို့၏ ဦးဆောင်မှုနှင့် ဤကိစ္စအပေါ် အလေးထား အာရုံစိုက်မှုတို့အတွက် ကျေးဇူးတင်ရှိပါသည်။

မည်သည့်မေးခွန်း သို့မဟုတ် ကိစ္စရပ်အတွက်မဆို မိမိတို့အား ဆက်သွယ်ပါ.

**Wai Wai Nu**
Founder and Executive Director
Women’s Peace Network
waiwainu@womenspeacenetwork.org

**Naw Hser Hser**
General Secretary
Women’s League of Burma
secretariat@womenofburma.org

**Ma Chaw Wutye Aye**
Women Alliance Burma
contact@womenallianceburma.com

**အောက်ပါအဖွဲ့အစည်းများအပါအဝင် မြန်မာနှင့် နိုင်ငံတကာမှ လူ့အခွင့်အရေးနှင့် အမျိုးသမီးအဖွဲ့အစည်းပေါင်း ၆၁၈ဖွဲ့မှ လက်မှတ်ရေးထိုးပါသည်။**

1. Abductees’ Mothers Association
2. ACDI/VOCA
3. ACDI/VOCA Myanmar
4. African Women 4 Empowerment
5. Aliran, Malaysia
6. Alliance of Inclusive Muslims (AIM)
7. ALTSEAN-Burma
8. Alyansa Tigil Mina (Alliance to Stop Mining) - Philippines
9. American Rohingya Advocacy/Arakan Institute for Peace and Development
10. Anti hate movement
11. Asia Democracy Network
12. Asia Pacific Centre for the Responsibility to Protect
13. Asia Pacific Forum on Women Law and Development
14. Asia Pacific Partnership for Atrocity Prevention (APPAP)
15. Association of Human Rights Defenders and Promoters-HRDP

16. Association of War Affected Women
17. Association of Women for Awareness and Motivation (AWAM)
18. Athan - Freedom of Expression Activist Organization
19. Aware Girls
20. Balai Syura Ureung Inong Aceh
21. BALAOD Mindanaw
22. Beyond Borders Malaysia
23. Blood Money Campaign
24. Bukluran ng Manggagawng Pilipino (BMP/Solidarity of Filipino Workers)
25. Burma Action Ireland
26. Burma Campaign UK
27. Burma Task Force
28. Burmese American Millennials
29. Burmese Democratic Forces
30. Bytes For All, Pakistan
31. Center for Social Integrity
32. Center of Excellence on Women and Social Security, Walailak University, Thailand
33. Centre for Human Rights and Development
34. Centre for Inclusive Governance, Peace and Justice
35. Centre for Peace and Justice, Brac University
36. Chin Leaders of Tomorrow (CLT)
37. Citizenship Affected Peoples' Network CAPN - Nepal
38. Community Initiatives for Development in Pakistan
39. Crane Center for Mass Atrocity Prevention
40. Dalit Foundation
41. Deep Germany
42. East Yangon University Legal Information Center
43. Equal Asia Foundation (Stichting EqualA Foundation)
44. Equality Bahamas
45. Europe solidaire sans frontières (ESSF), France
46. European Karen Network
47. European Rohingya Council
48. FIDH - International Federation for Human Rights
49. Fondazione Pangea
50. FORUM-ASIA
51. Foundation for Labour and Employment Promotion
52. Free Burma Action Bay/USA/Global
53. Free Myanmar Campaign USA/BACI
54. Freedom for Burma
55. Freedom, Justice, Equality for Myanmar

56. Fresh Eyes, United Kingdom
57. Fund for Congolese Women
58. Gaston Z Ortigas Peace Institute (Philippines)
59. Genocide Watch
60. Global DEEP Network
61. Global Justice Center
62. Global Movement for Myanmar Democracy (GM4MD)
63. Global Partnership for the Prevention of Armed Conflict (GPPAC)
64. Globe International Center, Mongolia
65. Hope Revival Organization
66. HRM "Bir Duino-Kyrgyzstan"
67. Human right organization
68. ICR / No Business with Genocide / Campaign for a New Myanmar
69. In Defense of Human Rights and Dignity Movement (iDEFEND)
70. Initiative to Promote Tolerance and Prevent Violence (INITIATE.MY)
71. Initiatives for International Dialogue (IID)
72. Institute for Asian Democracy
73. Institute of Human Rights and Peace Studies
74. International Association of People's Lawyers
75. International Center on Conflict and Negotiation (ICCN)
76. International Civil Society Action Network (ICAN)
77. International Karen Organization
78. International Peace Bureau (IPB)
79. International Women's Rights Action Watch Asia Pacific
80. Iraqi Women Network
81. Islamic Renaissance Front
82. Justice Base
83. Justice4Rohingya UK
84. Karen Community of Canada
85. Karen Human Rights Group
86. Karen Organization of America
87. Karen Peace Support Network
88. Kazakhstan International Bureau for Human Rights and Rule of Law
89. LA Rohingya Association/America Rohingya Justice Network
90. Lawyers' Rights Watch Canada
91. Loka Ahlinn (LA)
92. Madaripur Legal Aid Association (MLAA)
93. Mandalay Federalism Institute
94. Manushya Foundation
95. Maramagri Youth Network
96. MARUAH

97. Mercy Corps
98. Middle East Nonviolence and Democracy (MEND)
99. Mindanao Peacebuilding Institute Foundation, Inc.
100. Monitoring Committee on Attacks on Lawyers, International Association of People's Lawyers (IAPL)
101. Montréal Institute for Genocide and Human Rights Studies
102. Myanmar Advocacy Coalition
103. Myanmar Student Community - Thailand
104. Naripokkho, Bangladesh
105. National Domestic Woman Workers Union
106. Nationalities Alliance of Burma USA
107. Never Again Coalition
108. Nobel Women's Initiative
109. Nonviolence International - Ukraine
110. Novelita V. Palisoc
111. Office of Nobel Laureate and former President
112. OPEN ASIA|Armanshahr
113. Pacific Conference of Churches
114. Pakistan Fisherfolk Forum
115. Pakistan Rural Workers Social Welfare Organization
116. Participatory Research & Action Network- PRAAN
117. Pathways for Women's Empowerment and Development (PaWED)
118. Pax Romana Delegate at UNO Vienna
119. Peace and Security Cluster, AEPF
120. Peace Track Initiative
121. Peace Women Partners, Inc.
122. Peacebuilding Project
123. People's Solidarity for Participatory Democracy (PSPD)
124. People's Solidarity for Participatory Democracy (PSPD) South Korea
125. Pergerakan Tenaga Akademik Malaysia (GERAK)
126. Persatuan Sahabat Wanita Selangor
127. Philippine Alliance of Human Rights Advocates (PAHRA)
128. Psychological Responsiveness NGO
129. Public Association “Dignity”
130. Rakhine Ethnics Congress
131. RCDC
132. Rockflower Partners Inc.
133. Rohingya Action Ireland
134. Salam for Democracy and Human Rights
135. Sassoufit collective
136. SERAPAZ

137. Shan Women's Action Network
138. Sisters of Charity Federation
139. Sitt Nyein Pann Foundation
140. Sokhany Prak from Cambodian Civil Society Partnership (CCSP)
141. Southeast Asia Conflict Studies Network (SEACSN)
142. Southeast Asian Women Peacebuilders Network (SEAWP)
143. Spring Revolution Interfaith Network
144. Students for Free Burma
145. Support the Democracy Movement in Burma
146. Textile Garment Federation
147. The Asian Muslim Action Network (AMAN) - Indonesia
148. The Kuala Lumpur & Selangor Chinese Assembly Hall Women Division
149. Think Centre
150. U.S. Campaign for Burma
151. UNI GLOBAL UNION - Asia and Pacific
152. Uni Sri Lanka Affiliate Council Women’s Committee.
153. Union Aid Abroad-APHEDA
154. Verein zur Förderung der Völkerverständigung (VFV)
155. Visionary Foundation Pakistan
156. Voices From Friends
157. Vrede vzw (Belgium)
158. WiLDAF-Afrique de l'Ouest
159. Women Activists Myanmar
160. Women Alliance Burma
161. Women Advocacy Coalition Myanmar
162. Women Education Development Organization of Liberia
163. Women's Aid Organisation
164. Women's League of Burma
165. Women's Peace Network
166. Women's Refugee Commission
167. Women's Rehabilitation Centre (WOREC)
168. World Federalist Movement/Institute for Global Policy
169. YLBHI/Indonesia Legal Aid Foundation
170. Young Pride Club
171. Youth Core Group on Atrocity Prevention

*လက်မှတ်ရေးထိုးထားသော မြန်မာအဖွဲ့အစည်း ၄၄၇ဖွဲ့အား လက်ခြုံရေးအရ ဖုံးကွယ်ပေးထား ပါသည်။